ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၃၀/၂၀၂၁)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်

**အသိအမှတ်ပြုကြောင်းကြေညာခြင်း**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ခုနှစ်၊ ဧပြီလ(၂၆) ရက်နေ့တွင် ကြေညာချက်အမှတ်(၂/၂၀၂၁)ဖြင့် ကြားကာလယာယီတက္ကသိုလ်ကောင်စီများအား အသိအမှတ်ပြုမည် ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသို့ ကြားကာလယာယီတက္ကသိုလ်ကောင်စီဖွဲ့စည်းပြီး ဖြစ်ကြောင်းကို moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org Email သို့ (၂၈ ဇွန်လ ၂၀၂၁ မှ ၉ စက်တင်ဘာလ ၂၀၂၁ ရက် နံနက် ၉ နာရီအထိ) ပေးပို့လာသော အောက်ဖော်ပြပါ ကြားကာလယာယီ တက္ကသိုလ်ကောင်စီများနှင့် ကြားကာလစီမံ အုပ်ချုပ်ရေးကောင်စီများကို အသိအမှတ်ပြုပါကြောင်း နှင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မဟာဗျူဟာ၊ မူဝါဒနှင့်အညီ ဝန်ကြီးဌာန၏ စုပေါင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ကြားကာလယာယီတက္ကသိုလ်ကောင်စီများ နှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(၁) ယာယီတက္ကသိုလ်ကောင်စီ - မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**

**(၂) ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်) ယာယီတက္ကသိုလ်ကောင်စီ**

**(၃) နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ယာယီတက္ကသိုလ်ကောင်စီ**

**(၄) နည်းပညာတက္ကသိုလ် (လှိုင်ကော်) ယာယီအုပ်ချုပ်ရေး တက္ကသိုလ်ကောင်စီ**

**(၅) နည်းပညာတက္ကသိုလ် (ကလေး) ယာယီတက္ကသိုလ် ကောင်စီ**

**(၆) အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ) အုပ်ချုပ်ရေးကောင်စီ (ယာယီ)**

**(၇) အစိုးရစက်မှုလက်မှုသိပ္ပံ (ဝါးခယ်မ) ကြားကာလ ယာယီအုပ်ချုပ်ရေးကောင်စီ**

**(၈) အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်) ကြားကာလ အုပ်ချုပ်ရေးကောင်စီ**

**(၉) အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ကြားကာလ အုပ်ချုပ်ရေးကောင်စီ**

**(၁၀) ပခုက္ကူနည်းပညာအထက်တန်းကျောင်း ကြားကာလ စီမံအုပ်ချုပ်ရေး ကောင်စီ**

**(၁၁) ကြားကာလကျောင်းအုပ်ချုပ်ရေးကောင်စီ - အစိုးရနည်းပညာ အထက်တန်းကျောင်း (လက်ခုပ်ကုန်း)**

**(၁၂) အစိုးရနည်းပညာ အထက်တန်းကျောင်း (မော်လမြိုင်) ကြားကာလ အုပ်ချုပ်ရေး ကောင်စီ**

**(၁၃) အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ယာယီ ဒီဂရီကောလိပ်ကောင်စီ**

**(၁၄) စိုက်ပျိုးရေးသိပ္ပံ (သထုံ) ယာယီအုပ်ချုပ်ရေး ကောင်စီ**

**(၁၅) စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း ယာယီကျောင်းအုပ်ချုပ်ရေးကောင်စီ**

**(၁၆) စိုက်ပျိုးရေးသိပ္ပံ (မြောင်းမြ) ယာယီအုပ်ချုပ်ရေးကောင်စီ**

**(၁၇) မန္တလေး ကွန်ပျူတာ တက္ကသိုလ် ကြားကာလ တက္ကသိုလ်ကောင်စီ**

**(၁၈) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ ယာယီကောင်စီ**

၃။ ကြားကာလယာယီတက္ကသိုလ်ကောင်စီ (သို့မဟုတ်) ကြားကာလယာယီအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းပြီးသော်လည်း moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org သို့ Email ပေးပို့ရန် ကျန်ရှိသောကျောင်းများ နှင့် ဖွဲ့စည်းရန်ကျန်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ကြားကာလယာယီတက္ကသိုလ် ကောင်စီများ (သို့မဟုတ်) ကြားကာလယာယီစီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းပြီးပါကဖွဲ့စည်းပြီးကြောင်းကိုmoe@nugmyanmar.org နှင့်higheredu@moe.nugmyanmar.org Email သို့ ဆက်သွယ်ပေးပို့ပါရန်နှင့် ဆက်သွယ်ပေးပို့လာမှုအတိုင်း အသိအမှတ်ပြုကြောင်းကို ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

**ဒေါက်တာဇော်ဝေစိုး**
**ပြည်ထောင်စုဝန်ကြီး**
**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**